# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာ့သတ္တုတွင်းဥပဒေ
# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/ ၉၄)
# ရန်ကုန်မြို့၊ ၁၃၅၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
# (၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

[ ပြင်ဆင် : 24.12.2015 ]

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာ့သတ္တုတွင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရ မည် -

(က) **သတ္တုတွင်း** ဆိုသည်မှာ ဓာတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်ကိုလည်း ကောင်း၊ ဓာတ်သတ္တုတူးဖော်ရာတွင်ဖြစ်စေ၊ ဓာတ်သတ္တုတူးဖော်ရာနေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက် နှင့် တစ်ဆက်တစ်စပ်တည်းရှိသော နေရာတစ်ခုခု၌ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရာတွင်ဖြစ်စေ လုပ်ကိုင် သည့် လုပ်ငန်းအရပ်ရပ်၊ အဆောက်အအုံ၊ မြေနေရာနှင့် စက်ပစ္စည်း ကိရိယာများကို လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်၊

(ခ) **ဓာတ်သတ္တု**ဆိုသည်မှာ မြေထုမှတူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်း ကောင်းရရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကား ရပ်တွင်ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်ရှိရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှတူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်၊

(ဂ) ပယ်ဖျက်

(ဃ) **သတ္တု**ဆိုသည်မှာ ရွှေ၊ ငွေ၊ ပလက်တီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရို ဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ ယူရေနီယမ်၊ သိုရီယမ်၊ သံ၊ သွပ်၊ ကြေးနီ၊ ခဲ၊ ခဲမဖြူ၊ အ ဖြိုက်နက်၊ နီကယ်၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ကက်ဒ်မီယမ်၊ ခရိုမီယမ်၊ ကို ဘော့လ် သို့မဟုတ် မင်းဂနီးစ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ္တုဟူ၍ သတ်မှတ်သည့်ပစ္စည်းများ လည်းပါဝင်သည်။

Myanmar Law Information System (MLIS)

(င) **စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ဘ ရိုက်တီးကျောက်၊ ဂရက်ဖိုက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ ဖလိုရိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ ကြွေကျောက်၊ မြေဖြူ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ ဇင့်ကာဘွန်နိတ်၊ လချေးဖြူ သို့မဟုတ် လချေးညိုကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း ဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်၊

(စ) **ကျောက်** ဆိုသည်မှာ အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မီသော ထုံးကျောက်၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ ပဂ္ဂမတိုက်ကျောက် သို့မဟုတ် လိပ်သဲကျောက် ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော် ငြာစာ ထုတ်ပြန်ပြီး အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ကျောက်ဟူ၍ သတ်မှတ်သည့် ပစ္စည်း များလည်း ပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များ မပါဝင်၊

(ဆ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာ ခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်း တစ်ရပ် ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသောလုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ကိုဆိုသည်၊

(ဇ) **ဓာတ်သတ္တုရှာဖွေခြင်း** ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေ ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ဓာတ်သတ္တုတည်ရှိသည့် အရည်အသွေးကို စစ်ဆေး သောလုပ်ငန်းစဉ်များလည်း ပါဝင်သည်၊

(ဈ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်း တို့ကို ဆိုသည်၊

(ဈ-၁) **ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်းပြုလုပ်ပြီးသော ဓာတ်သတ္တုသိုက် တစ်ခုခုကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်း ရှိ မရှိ ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မည့် နည်းစဉ်၊ ဆင့်တက်ပြုပြင် ထုတ်လုပ်မည့် နည်းစဉ်၊စီးပွားဖြစ် ထုတ်လုပ်နိုင်မှု နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးတွက်ချက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရထိခိုက်မှုဆန်းစစ်သည့် စနစ်များလည်း ပါဝင်သည်။

(ည) **ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့် ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းအဆင့် တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခြင်းလည်း ပါဝင်သည်၊

(ည-၁) ဓာတ်သတ္တုရောင်းချခြင်းနှင့်ဝယ်ယူခြင်း ဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကိုဆိုသည်၊

Myanmar Law Information System (MLIS)

(ဋ) **အကြီးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်ပမာဏအပေါ်မူတည်၍ စီးပွားဖြစ် ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၍ ရင်းနှီးမြှုပ်နှံမှု အများအပြား လိုအပ်သည့် သို့မဟုတ် အထူး နည်းပညာရပ်နှင့် နည်းစနစ်များအသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ် အထက်မှ နှစ် ၅ဝ အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဋ-၁) **အလတ်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ် ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ် အသင့်အတင့် လိုအပ်သည့် သို့မဟုတ် ကန့်သတ်နည်းပညာရပ်နှင့် နည်းစနစ်များအသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ် အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဌ) **အသေးစားထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ် မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း ၁ဝ နှစ် အထိ ခွင့်ပြုချက်ဖြင့် ဓာတ် သတ္တုထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေ အရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာ ကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဎ) **ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့် ပုံသွင်းခြင်းလုပ်ငန်းစဉ်များလည်းပါဝင်သည်၊

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ သတ္တုတွင်း ဝန်ကြီးဌာနကို ဆိုသည်၊

(တ) **ဦးစီးဌာန** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်၊

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်၊
<ပြင်ဆင် 24.12.2015>

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အစိုးရ၏ ဓာတ်သတ္တု သယံဇာတရေးရာ မူဝါဒကို အကောင်အထည် ဖော်ရန်၊

(ခ) ဓာတ်သတ္တု ထုတ်ကုန်များ ပိုမို ထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ရန်၊

(ဂ) ဓာတ်သတ္တု သယံဇာတပစ္စည်းများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

Myanmar Law Information System (MLIS)

(ဃ) ခေတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(င) ခေတ်သတ္တု သယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသနပြု ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ခေတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်။

<ပြင်ဆင် 24.12.2015>

## အခန်း (၃)

## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ် တိုင်း တာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ အသေး စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေး စားထုတ်လုပ်ခြင်း ၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းတို့တွင် အနည်းဆုံးလုပ်ငန်းသုံးရပ်ကိုတစ်ပေါင်းတည်း လုပ်ကိုင်ခြင်း၊

(စ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း ၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့်ဝယ်ယူခြင်း လုပ်ငန်းခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသားများသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိ ဗေဒအစီရင်ခံစာအရ

Myanmar Law Information System (MLIS)

သတ္တုသိုက်ပမာဏနှင့် အရည်အသွေးပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်သည့် အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကူးပြောင်းလုပ် ကိုင်ခြင်း။

<ပြင်ဆင် 24.12.2015>

၅။ (က) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်၊

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီး ဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

<ပြင်ဆင် 24.12.2015>

၆။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းတို့ကိုလုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် ထားသော သက်ဆိုင်ရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

<ပြင်ဆင် 24.12.2015>

၆-က။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်သည်။

<ပြင်ဆင် 24.12.2015>

၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင် နိုင်ရန် ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက် ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

Myanmar Law Information System (MLIS)

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း ၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်း နှင့်ဝယ်ယူခြင်း လုပ်ငန်းခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသားများသည် စမ်းသပ်တိုင်းတာ ထားသည့် ဘူမိ ဗေဒအစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးပေါ် မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုနှင့် ဖက်စပ်လုပ်ကိုင်သည့် အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်ခြင်း။

<ပြင်ဆင် 24.12.2015>

၈။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင် နိုင်ရန် ခွင့်ပြုမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေ ခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက် ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း တို့ကိုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင် ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း သို့မဟုတ် အသေး စားထုတ်လုပ်ခြင်း ၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်းတို့တွင် အနည်းဆုံးလုပ်ငန်းသုံးရပ်ကိုတစ်ပေါင်းတည်း လုပ်ကိုင်ခြင်း၊

(င) ဘူမိဗေဒအချက်အလက်များ ပြည့်စုံပြီးသတ္တုသိုက်ပမာဏနှင့် စပ်လျဉ်း၍ စီးပွားဖြစ် ထုတ်လုပ်နိုင် သောလုပ်ကွက်များကို လေလံစနစ်အရ သီခြားစည်းကမ်းချက်ဖြင့်လုပ်ကိုင်ခြင်း။

<ပြင်ဆင် 24.12.2015>

၉။ ဦးစီးဌာနသည် -

(က) နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း လုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လျှောက်ထားလာသည့်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက် များနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်၊

Myanmar Law Information System (MLIS)

(ခ) နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသောကျောက်ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင် ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့် လျှောက်ထားလာ သည့်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

<ပြင်ဆင် 24.12.2015>

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးရှိ လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် နိုင်ငံသား သို့မဟုတ် အဖွဲ့ အစည်းသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့် ရှိသည့် သတ္တု၊ စက်မှု တွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များ နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မ ၆ အရ လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

<ပြင်ဆင် 24.12.2015>

၁၁။ ဝန်ကြီးဌာနသည် အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစား ထုတ်လုပ် ခြင်း နှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ)၊ (ဠ-၁)၊ (ဌ) နှင့် (ဍ) တို့နှင့်အညီ လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာ၊ အကျယ်အဝန်း၊ ရင်းနှီး မြှုပ်နှံမှုပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာ အသုံးပြုမှုများကို ထည့်သွင်းသတ်မှတ်ရမည်။

<ပြင်ဆင် 24.12.2015>

၁၁-က။ ခွင့်ပြုမိန့်ထုတ်ပေးသော ဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ် ထားသော သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင် စွမ်းလေ့လာခြင်းတို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သော နေရာတွင် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြုမိန့် လျှောက်ထား လာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

<ပြင်ဆင် 24.12.2015>

၁၁-ခ။ ဓာတ်သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုထုတ်လုပ်သူထံမှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူသည် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။

<ပြင်ဆင် 24.12.2015>

Myanmar Law Information System (MLIS)

## အခန်း (၄)

## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၂။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သောမြေအတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ် မှတ်ထားသည့် နှုန်းထားများအပေါ်တွင် အခြေခံတွက်ချက်ထားသည့် မြေငှားရမ်းခကို ပေးဆောင်ရ မည်၊

(ဃ) မြေငှားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်၊

(င) အာမခံငွေဖြစ်စေ၊ ကြိုတင်ငွေဖြစ်စေ၊ အာမခံငွေနှင့် ကြိုတင်ငွေနှစ်မျိုးလုံးကိုဖြစ်စေ ပေးဆောင်ရ မည်၊

(စ) ဤဥပဒေအရ ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များ နှင့်အညီ ဓာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့်ပေးဆောင်ရမည်။

(ဆ) အခြားအခကြေးငွေများကို မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော လုပ်ငန်း များတွင် နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့်နိုင်ငံခြားငွေ လဲလှယ် နှုန်းနှင့် ညီမျှသော မြန်မာကျပ်ငွေဖြင့်ဖြစ်စေ ပေးဆောင်ရမည်။

<ပြင်ဆင် 24.12.2015>

၁၃။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် -

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၏ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက် ခြင်း၊

(ဃ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး နှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(င-၁) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း။ နှစ်စဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ရန်ပုံငွေထားရှိခြင်း။

(င-၂) ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာ အား သတ္တုတွင်း ပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူ ထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ပေးခြင်း။

(စ) သတ္တုတွင်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့ အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(ဆ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်း။

<ပြင်ဆင် 24.12.2015>

## အခန်း (၅)

## ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့် ရေသုံးစွဲခွင့်

၁၄။ ဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေ သို့မဟုတ် ရတနာနယ်မြေအတွင်း ကျရောက်ခြင်းမရှိသော နယ်မြေတွင် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာ မြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်း ပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်းသဘောတူညီမှုရရှိပြီးမှသာ ဓာတ်သတ္တုထုတ် လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၅။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုစီးပွားဖြစ် ထုတ်လုပ်နိုင်မည့်မြေကို နိုင်ငံတော်အကျိုးငှာ လိုအပ်လျှင် တည်ဆဲဥပဒေနှင့်အညီ မြေသိမ်းယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရ မည်။

၁၆။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အများ ပြည်သူဆိုင်ရာရေကို ရယူသုံးစွဲရန်လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ဦးစွာတင်ပြရ မည်။

၁၇။ ဦးစီးဌာနသည် ပုဒ်မ ၁၆ အရ တင်ပြချက်ကိုစိစစ်၍ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေ နှင့် အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်ပေး ရမည်။

## အခန်း (၆)

## ဓာတ်သတ္တုခွန်

၁၈။ ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓာတ်သတ္တု များရောင်းချသည့်အခါ ဓာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ဓာတ်သတ္တုခွန်ပေး ဆောင် ရမည်-

(က) ရွှေ၊ ပလက်တီနမ်၊ ယူရေနီယမ်နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန် သတ္တုများ အတွက် ၅ ရာခိုင်နှုန်း၊

Myanmar Law Information System (MLIS)

(ခ) ငွေ၊ ကြေးနီ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ အလေးစီးသဲ၊ မော်လစ်ဒီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ သိုရီယမ်၊ ကက်ဒ်မီယမ်၊ မြေရှားသတ္တု၊ ဗယ်ရယ်လီယမ်၊ တိုက်တေနီယမ် နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ် သည့် သတ္တုများအတွက် ၄ ရာခိုင်နှုန်း၊

(ဂ) သံ၊ သွပ်၊ ခဲ၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနီးစ်၊ မဂ္ဂနီဆီယမ် နှင့် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ် သည့် သတ္တုများအတွက် ၃ ရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် ၂ ရာခိုင်နှုန်း။

<ပြင်ဆင် 24.12.2015>

၁၉။ ပုဒ်မ ၁၈ အရ ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တု စင်ပါဝင်မှု ရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနသို့ပေးဆောင်ရမည်။

<ပြင်ဆင် 24.12.2015>

၂၀။ ဝန်ကြီးဌာနသည် -

(က) ဓာတ်သတ္တုရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း လုပ်ငန်းမှရရှိသော ဓာတ်သတ္တုနှင့်စပ် လျဉ်း၍ ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်ကို အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ် မှတ်နိုင်သည်၊

(ခ) ဓာတ်သတ္တုထုတ်လုပ်မှုကို တိုးတက်ရေးကို ရှေးရှုလျက် ခွင့်ပြုမိန့်ရရှိသူ ပေးဆောင်ရမည့် ဓာတ် သတ္တုခွန်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အချိန်ကာလသတ်မှတ်၍ လျှော့ပေါ့ပေးနိုင်သည်၊

(ဂ) ဓာတ်ခွဲရန်၊ စမ်းသပ်ရန်နှင့်အခြားစစ်ဆေးမှုများပြုလုပ်ရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက ရယူသော ဓာတ်သတ္တုနမူနာများအတွက် ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းမှ ကင်း လွတ်ခွင့်ပြုနိုင်သည်၊

(ဃ) ဓာတ်သတ္တုခွန် ပေးဆောင်ခြင်းကို အချိန်ကာလသတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်၊

(င) အကြောင်းတစ်စုံတစ်ရာကြောင့် ဓာတ်သတ္တုခွန်ကို တိတိကျကျ သတ်မှတ်စည်းကြပ်ရန် မဖြစ်နိုင် သောကာလအတွင်း ယာယီဓာတ်သတ္တုခွန်ကို စည်းကြပ်နိုင်သည်။

## အခန်း (၇)

## ဓာတ်သတ္တု ကန့်သတ်နယ်မြေသတ်မှတ်ခြင်း

<ပြင်ဆင် 24.12.2015>

၂၁။ ဝန်ကြီးဌာနသည် -

(က) ဓာတ်သတ္တု စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် နယ်မြေကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ် သတ္တုကန့်သတ်နယ်မြေအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊



Myanmar Law Information System (MLIS)

(ခ) ဓာတ်သတ္တုကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ခြင်းမပြုမီ မည်သည့်နယ်မြေကို ယင်းသို့ သတ်မှတ် ရန် ရည်ရွယ်ကြောင်း သတ်မှတ်ချက်များနှင့်အညီ ကြေညာရမည်၊

(ဂ) ဓာတ်သတ္တုကန့်သတ်နယ်မြေသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေရှိ အများပြည်သူတို့ ၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစား ခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကျွမ်းကျင်သူများ ပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်၊

(ဃ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ ဓာတ် သတ္တုကန့်သတ်နယ်မြေသတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်၊

(င) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့် ရှိသောမြေတွင် ပုဒ်မခွဲ (က) အရ ဓာတ်သတ္တုကန့်သတ်နယ်မြေ သတ်မှတ်လိုပါက တည်ဆဲ ဥပဒေနှင့်အညီ မြေသိမ်းယူရေးအတွက် သက် ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၂။ ပယ်ဖျက်

(က) ပယ်ဖျက်

(ခ) ပယ်ဖျက်

<ပြင်ဆင် 24.12.2015>

၂၃။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဓာတ်သတ္တုကန့်သတ်နယ်မြေတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

<ပြင်ဆင် 24.12.2015>

၂၄။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေ၏ အပေါ်ယံ မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ "နိုင်ငံတော်၏ ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းတွင်ဖြစ်စေသဘာဝလျောက် တွေ့ရှိရသော ဓာတ်သတ္တုသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

<ပြင်ဆင် 24.12.2015>

## အခန်း (၈)

## စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ

၂၅။ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ် ဖြစ်သည်။

၂၆။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

Myanmar Law Information System (MLIS)

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လည်းကောင်း ခွင့်ပြုမိန့်ရရှိသူများက လိုက်နာခြင်းရှိ မရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌ လုပ်ကိုင်လျက်ရှိသောဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေး အန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်း သိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ခ-၁) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့်ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာ ခြင်း၊ ထုတ်လုပ်ခြင်း ၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်သည့် စနစ်နှင့် လူမှုရေးအရ ထိခိုက်မှု ဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

<ပြင်ဆင် 24.12.2015>

၂၇။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဦးစီးဌာနမှ သင့်လျော်သော အရာရှိကို ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိအဖြစ် တာဝန်ပေး အပ်နိုင်သည်၊

(ခ) မိမိ၏လုပ်ပိုင်ခွင့်များကို စစ်ဆေးရေး အရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား စီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမားတစ်ဦးဦးက ဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက် ကွက်လျှင် သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်း ကောင်း ခွင့်ပြုမိန့်ထုတ်ပေးသူသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟု ယူဆလျှင် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေခြင်း။

<ပြင်ဆင် 24.12.2015>

## အခန်း (၁၀)



Myanmar Law Information System (MLIS)

### တားမြစ်ချက် ထုတ်ပြန်ခြင်း

၂၉။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းမှ ထွက်ရှိသည့် ဓာတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း ၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း တို့နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း (၁၁)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၀။ (က) မည်သူမဆို ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ် ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်ဆယ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(၁) သတ္တု ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် ဆင့်တက် ပြုပြင်ခြင်း၊

(၃) ကျောက် ရှာဖွေခြင်း၊ စမ်းသပ် တိုင်းတာခြင်း သို့မဟုတ် ဆင့်တက် ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဓာတ်သတ္တုဆင့်တက် ပြုပြင်ခြင်း လုပ်ငန်း လုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူမှ အပ ဓာတ်သတ္တု ထုတ်လုပ်ခြင်း။

(ခ) မည်သူမဆို လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့် မရရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံးသုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိ ဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 24.12.2015>

၃၀-က။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)ပါ ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက တစ်ဆယ် နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ချမှတ်ရမည်။

<ပြင်ဆင် 24.12.2015>

၃၁။ မည်သူမဆို ပုဒ်မ ၂၉ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၂၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

<ပြင်ဆင် 24.12.2015>

၃၁-က။ မည်သူမဆို ပုဒ်မ ၂၉ အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် သိန်း ၂၀ အထိ ချမှတ်နိုင်သည်။

<ပြင်ဆင် 24.12.2015>

Myanmar Law Information System (MLIS)

၃၂။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၃ နှင့် စပ်လျဉ်းသည့် နည်းဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်  ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

<ပြင်ဆင် 24.12.2015>

၃၂-က။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၃ နှင့် စပ်လျဉ်းသည့် နည်းဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်မှု ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ချမှတ်နိုင်သည်။

<ပြင်ဆင် 24.12.2015>

၃၃။ မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသည့် ဓာတ်သတ္တုကြန့်သတ်နယ်မြေအတွင်းသို့ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှားစီ ရင်ခြင်းခံရလျှင်  ထိုသူကို ထောင်ဒဏ်ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

<ပြင်ဆင် 24.12.2015>

၃၃-က။ မည်သူမဆို ပုဒ်မ ၃၃ အရ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် ခြောက်လ အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ် ၅ သိန်းအထိချမှတ်နိုင်သည်။

<ပြင်ဆင် 24.12.2015>

၃၄။ တရားရုံးသည် ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ် လျဉ်း၍  ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့်သက်ဆိုင်သော ဓာတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာ များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း (၁၂)

## အထွေထွေ

၃၅။ ဤဥပဒေကို မပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်း တာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်း မကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် ပါမစ်သည် သက်တမ်းကုန်ဆုံးသည့်နေ့ အထိသာ အတည်ဖြစ်စေရမည်။

၃၅-က။ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့် စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက်ထည့်ဝင်မှုအပေါ် အခြေခံ သည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။



Myanmar Law Information System (MLIS)

<ပြင်ဆင် 24.12.2015>

၃၆။ ဤဥပဒေအရ ရရန်ရှိသောငွေများကို ဝင်ငွေခွန်မပေြ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

<ပြင်ဆင် 24.12.2015>

၃၇။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက် စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပို့ခြင်းကို တရားရုံးရှေ့သို့ သက်သေခံ ပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင် သည်။

၃၈။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အက်ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်း မျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 24.12.2015>

၄၀။ အောက်ပါ ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် -

(က) The Upper Myanmar Ruby Regulation, 1887.

(ခ) The Mines Act, 1923.

(ဂ) ၁၉၆၁ ခုနှစ်၊ ပြည်ထောင်စု သတ္တုတွင်းများနှင့် သတ္တုများ အက်ဥပဒေ။

(ပုံ)သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

Myanmar Law Information System (MLIS)